

# ပဲခူးတိုင်းဒေသကြီး
# ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်

## ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာရေးနှစ်



# ဥယျောဇဉ်

၂၀၁၆ ခုနှစ်မှစတင်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် ပြည်သူ့ဘဏ္ဍာများကို ပိုမိုအကျိုးရှိပြီး ထိရောက်မှုတစွာ သုံးစွဲနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ပါသည်။ နိုင်ငံသို့မဟုတ် ဒေသတစ်ခု၏ လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာရေးအခြေအနေမှာ အဓိကကျပြီး၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု ခိုင်မာကောင်းမွန်ရေးမှာ လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူ၊ တာဝန်ခံမှုနှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့မှာ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခိုင်မာကောင်းမွန်ရေးအတွက် အရေးပါသောအစိတ်အပိုင်းများ ဖြစ်ကြပါသည်။ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခိုင်မာကောင်းမွန်ရေးဆန္ဒမွန်ဖြင့် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်အတွက် ပဲခူးတိုင်းဒေသကြီး၏ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေ ငွေစာရင်းစာစောင်ကို ပထမဆုံးအကြိမ် ပြုစုထုတ်ပြန်ရခြင်းဖြစ်ပါသည်။

ယခု ပထမဦးဆုံးအကြိမ် ပုံနှိပ်ထုတ်ဝေသည့် ပဲခူးတိုင်းဒေသကြီး၏ ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်မှာ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ၊တာဝန်ခံမှုတိုးမြင့်လာရေးနှင့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုတွင် ပြည်သူအများပါဝင်လာရေးအတွက် ကျွန်ုပ်တို့၏ စုပေါင်းကြိုးပမ်းအားထုတ်မှုမှ ပေါ်ထွက်လာသည့် အရေးပါသော ခြေလှမ်းတစ်ခုဖြစ်ပါသည်။ ဤစာစောင်သည် အရေးပါသော ဘတ်ဂျက်ဆိုင်ရာ သတင်းအချက်အလက်များကို မဲဆန္ဒရှင်များအား ရိုးရှင်းလွယ်ကူစွာ ဖြန့်ဝေအသိပေးခြင်းဖြင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် အယူအဆသဘောထားများကို အများပြည်သူက ပိုမိုနားလည်သဘောပေါက်ကြစေရန် ရည်ရွယ်ပါသည်။ ထို့ကြောင့် ဘတ်ဂျက်လုပ်ငန်းစဉ်များတွင် လေးနက်တက်ကြွစွာ ပါဝင်လာစေရန် သတင်းနှင့် လိုအပ်သည့်အချက်အလက်များကို ဖြန့်ဝေအသိပေးခြင်း ဖြစ်ပါသည်။ ဤစာစောင်တွင် တိုင်းဒေသကြီးအစိုးရ၏ ရငွေ၊ အသုံးစရိတ်များနှင့် ဘတ်ဂျက်လုပ်ငန်းစဉ်များကို ဖော်ပြထားပါသည်။

အတူတကွ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီးအစိုးရအနေဖြင့် ဘဏ္ဍာအရင်းအမြစ်များကို မဲဆန္ဒရှင်များ၏လိုအပ်ချက်အရ ထိရောက်အကျိုးရှိစွာ ဆောင်ရွက်ပေးခြင်းဖြင့် စည်ပင်သာယာဝပြောသည့် အခင်းအကျင်းတစ်ရပ်ကို ဖန်တီးပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ပြည်သူ့ဘဏ္ဍာအရင်းအမြစ်နှင့် ပြည်သူ့လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးခြင်းဖြင့် ပဲခူးတိုင်းဒေသကြီးနှင့် ၎င်းတွင် မှီတင်းနေထိုင်ကြသည့် ပြည်သူများအတွက် ပိုမိုတိုးတက်ဖွံ့ဖြိုးမှုကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါသည်။ တိုင်းဒေသကြီးအစိုးရသည် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခိုင်မာကောင်းမွန်လာရေးအတွက် ဆက်လက် ကြိုးပမ်းသွားမည်ဖြစ်ပါသည်။ ယခုထုတ်ဝေသည့် ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်သည် ယင်းကြိုးပမ်းမှု၏ ပထမခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။ တစ်နှစ်ထက်တစ်နှစ် ပြည်သူလူထုအတွက် အမှန်တကယ်အကျိုးရှိစေမည့် နှစ်စဉ် ရသုံးခန့်မှန်းခြေငွေစာရင်းဖြစ်ပေါ်လာစေရေးအတွက် အတူတကွ ကြိုးပမ်းဆောင်ရွက်သွားနိုင်ရန် ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြည်သူလူထု သို့ အစီရင်ခံအပ်ပါသည်။

**ဦးဝင်းသိန်း**
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီး

ဖတ်ရှုရလွယ်ကူစေရန် ကိန်းဂဏန်းများကို
အနီးစပ်ဆုံးယူသည့်အတွက် အချို့ကိန်းဂဏန်းများ၏
ပေါင်းခြင်းသည် စုစုပေါင်းတန်ဖိုးနှင့် အနည်းငယ်
ကွဲလွဲခြင်း၊ ရာခိုင်နှုန်းအနည်းငယ် ကွဲလွဲခြင်းများ
ဖြစ်နိုင်ပါသည်။

# မာတိကာ


**ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက်များ** ၆

**၁ ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ စာစောင်နိဒါန်း/မိတ်ဆက်** ၉

၁.၁ ဤစာစောင် ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက် ၉
၁.၂ ပဲခူးတိုင်းဒေသကြီးအစိုးရ၏ လုပ်ငန်းတာဝန်များ ၁၀
၁.၃ ဘတ်ဂျက်လုပ်ငန်းစဉ်အဆင့်ဆင့်ဖော်ပြချက် ၁၂
၁.၄ အစိုးရဘတ်ဂျက်နှင့် စီးပွားရေးဆက်နွယ်မှု ၁၃

**၂ စီးပွားရေးအခြေအနေ** ၁၅

၂.၁ ပဲခူးတိုင်းဒေသကြီး၏ စီးပွားရေးအခြေအနေ ၁၅
၂.၂ ပဲခူးတိုင်းဒေသကြီး၏ ကဏ္ဍအလိုက် စီးပွားရေးအခြေအနေ ၁၇

**၃ ရငွေများ** ၁၈

၃.၁ တိုင်းဒေသကြီးအစိုးရ၏ ဘဏ္ဍာရင်းမြစ်များဆိုင်ရာ ရှင်းလင်းဖော်ပြချက်များ ၁၈
၃.၂ မည်သည့်အတွက်အခွန်ပေးဆောင်ရပါသနည်း ၂၀

**၄ အသုံးစရိတ်များ** ၂၂

၄.၁ ပဲခူးတိုင်းဒေသကြီးအစိုးရက မည်သည့်အသုံးစရိတ်များ သုံးစွဲပါသနည်း ၂၂
၄.၂ ပြည်ထောင်စုအစိုးရက ပဲခူးတိုင်းဒေသကြီးအတွင်း မည်သည့်အသုံးစရိတ်များ သုံးစွဲပါသနည်း ၂၇

**၅ အစိုးရဘတ်ဂျက်နှင့် ဖွံ့ဖြိုးရေးရလဒ်များ** ၃၂

**၆ နိဂုံးချုပ်အမှာစကား** ၃၃

**လေ့လာဖတ်ရှုနိုင်သည့် သတင်းအချက်အလက်များကဏ္ဍ** ၃၄

# ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက်များ

## တာဝန်ယူမှု၊ တာဝန်ခံမှု

တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်းသည် သတင်းအချက်အလက်ထုတ်ပြန်ရန်၊ ရှင်းလင်းတင်ပြရန် တာဝန်ခံစေခြင်း ၊သို့မဟုတ်၊ ကတိကဝတ်ပြုခြင်း ဖြစ်ပါသည်။ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိခြင်းသည် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်တစ်ရပ်တွင် အခြေခံကျသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ ဒေသန္တရအစိုးရများအနေဖြင့် ကိုယ်စားပြုထားသည့် ပြည်သူလူထုကိုယ်စားချမှတ်သည့် ဆုံးဖြတ်ချက်များ၏ အကျိုးဆက်များကို အစီရင်ခံရန်၊ ရှင်းလင်းတင်ပြရန်နှင့် တာဝန်ခံရန် ကတိကဝတ်ထားရှိရပါသည်။

## ရသုံးခန့်မှန်းခြေငွေစာရင်း

အစိုးရ၏ အသုံးစရိတ်၊ ရငွေ၊ ပိုငွေ/လိုငွေနှင့် ကြွေးမြီတို့ အပါအဝင် ဘဏ္ဍာရေးဆိုင်ရာအစီအစဉ်များကို ပြည့်ပြည့်စုံစုံဖော်ပြထားသည့် ထုတ်ပြန်ချက်ဖြစ်ပြီး၊ အစိုးရတစ်ရပ်၏ အဓိကကျသော စီးပွားရေးဆိုင်ရာ မူဝါဒအစီအစဉ်တစ်ရပ်ဖြစ်ပါသည်။ အစိုးရ (သို့မဟုတ်) ဌာနဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်က မူဝါဒရည်မှန်းချက်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်သူ့ဘဏ္ဍာများကို မည်သို့အသုံးပြု၍ အစီအစဉ် ချမှတ်မည်၊ ဘဏ္ဍာရေး လုပ်ဆောင်ချက်များ မည်သို့ဆောင်ရွက်မည်ကို ဖော်ပြပါသည်။ ရသုံးခန့်မှန်းခြေငွေစာရင်းကို ပုံမှန်အားဖြင့် နှစ်စဉ် ရေးဆွဲပြီး၊ အစိုးရ၏ လာမည့်ဘဏ္ဍာရေးနှစ်အတွက် အဆိုပြု အသုံးစရိတ်များ၊ ရငွေများ၊ ကြွေးမြီများနှင့် အခြားဘဏ္ဍာရေးဆိုင်ရာ စာရင်းရေးသွင်းမှုများ ပါဝင်ပါသည်။ နိုင်ငံအများအပြားတွင်လည်း တစ်နှစ်ထက်ပို၍ ၂ နှစ် (သို့မဟုတ်) ၃ နှစ်စာ ဖော်ပြလေ့ရှိပါသည်။

## ဘတ်ဂျက်စက်ဝန်း

ရသုံးခန့်မှန်းခြေငွေစာရင်းအတွက် ဆုံးဖြတ်ချက်ချရာတွင်လည်းကောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင်လည်းကောင်း အဆိုပါ ဆုံးဖြတ်ချက်များကို ပြန်လည်ဆန်းစစ်ရာတွင် လည်းကောင်း အဓိကပါဝင်သော လုပ်ငန်းစဉ်များဖြစ်ပါသည်။ သာမန်အားဖြင့် (က) ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲခြင်း၊ (ခ) စိစစ် အတည်ပြုခြင်း၊ (ဂ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် (ဃ) စစ်ဆေးခြင်းဟူ၍ လုပ်ငန်း ၄ ရပ် ပါဝင်ပါသည်။

## ဘတ်ဂျက်ခန့်မှန်းခြေ

ဘဏ္ဍာရေးနှစ်မတိုင်မီ အစိုးရ လုပ်ငန်းဆောင်တာများအတွက် ကြိုတင်ခန့်မှန်းထားသည့် ကုန်ကျစရိတ်များ၊ ရငွေများ ပါဝင်ပါသည်။ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း အစိုးရက ကဏ္ဍအသီးသီးတွင် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ကုန်ကျစရိတ်နှင့် ရငွေခန့်မှန်းချက်များ ပါဝင်ပါသည်။

## သာမန်အသုံးစရိတ်

သာမန်အသုံးစရိတ်များမှာ ဝန်ထမ်းလစာများ၊ ပင်စင်နှင့် လုပ်သက် ဆုကြေးပေးငွေများ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များ၊ ပစ္စည်းများဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုများရရှိခြင်းတို့အတွက် ကုန်ကျစရိတ်များစသည့် အစိုးရ၏အထွေထွေအသုံးစရိတ်များ ဖြစ်ပါသည်။

## ငွေလုံးငွေရင်းအသုံးစရိတ်

မော်တော်ယာဉ်၊ မြေ၊ စက်ယန္တယားများ၊ အဆောက်အအုံနှင့် လမ်း/တံတား ကဲ့သို့သော တစ်နှစ်ထက်သက်တမ်းပိုသည့် ရရန်ပိုင်ခွင့်များအတွက် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်များဖြစ်ပါသည်။

## အသုံးစရိတ်

အစိုးရအုပ်ချုပ်မှုယန္တယား လည်ပတ်ရေး၊ ပြည်သူ့ဝန်ဆောင်မှုများပေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကုန်ကျစရိတ်များအတွက် အစိုးရ၏ ဘဏ္ဍာရင်းမြစ်များကို ခွဲဝေသုံးစွဲခြင်း ဖြစ်ပါသည်။

### ဘဏ္ဍာရေးနှစ်

ဘဏ္ဍာရေးနှစ်ကို ဘတ်ဂျက်နှစ်ဟူ၍လည်း ရံဖန်ရံခါ ဖလှယ် ခေါ်ဝေါ်သုံးစွဲပါသည်။ ဘဏ္ဍာရေးနှစ်သည် အစိုးရ၏ ရသုံးခန့်မှန်းခြေငွေစာရင်းများအတွက် ဘဏ္ဍာရေးဆိုင်ရာ စာရင်းရေးသွင်းခြင်းနှင့် ဘဏ္ဍာငွေအရ/အသုံး ရည်ရွယ်ချက်များအတွက် အသုံးပြုသည့် ကာလအပိုင်းအခြားဖြစ်ပါသည်။ မြန်မာနိုင်ငံ၏လက်ရှိဘဏ္ဍာရေးနှစ်သည် ဧပြီလတွင် စတင်ပြီး၊ မတ်လကုန်တွင် ပြီးဆုံးပါသည်။ ၂၀၁၈ ခုနှစ်မှ စတင်၍ ဘဏ္ဍာရေးနှစ်ကို အောက်တိုဘာလတွင် စတင်၍ စက်တင်ဘာလကုန်တွင် ပြီးဆုံးရန် ပြောင်းလဲမည်ဖြစ်ပါသည်။

### ထောက်ပံ့ငွေ

ထောက်ပံ့ငွေတွင် လျှော့ဒါန်းပေးကမ်းခြင်း (သို့မဟုတ်) ပုံမှန်ဖြစ်စေ၊ အခါအားလျော်စွာဖြစ်စေ ထည့်ဝင်ငွေထည့်သွင်းခြင်းအားဖြင့် လက်ခံရရှိသူသို့ အပြီးအပိုင်ပေးချေသည့် ငွေများ ဖြစ်ပါသည်။ ထောက်ပံ့ငွေကို အမျိုးအစားအားဖြင့် (က) နိုင်ငံတော်မှ ထောက်ပံ့ငွေနှင့် (ခ) ပြည်ပမှထောက်ပံ့ငွေ (ပြည်ပအကူအညီရငွေ) ဟူ၍ ခွဲခြားနိုင်ပြီး၊ နိုင်ငံတော်မှ ထောက်ပံ့ငွေတွင် နိုင်ငံတော်၏မူဝါဒအရ ထောက်ပံ့ငွေများနှင့် လုပ်ငန်းလိုအပ်ချက်အရဌာန၊ အဖွဲ့အစည်းများက တင်ပြ တောင်းခံ၍ပေးရသည် ထောက်ပံ့ငွေများ ပါဝင်ပါသည်။

### စုစုပေါင်း ဒေသတွင်း ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)

နိုင်ငံတစ်နိုင်ငံ၏ ကာလတစ်ခု (များသောအားဖြင့် နှစ်တစ်နှစ်) အတွင်း နောက်ဆုံးထုတ်လုပ်သောကုန်စည်နှင့် ဝန်ဆောင်မှုများ၏ စုစုပေါင်းတန်ဖိုးဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှစ်အလိုက် စုစုပေါင်း ပြည်တွင်း (ဒေသတွင်း) ထုတ်ကုန်တန်ဖိုး အပြောင်းအလဲအပေါ် မူတည်၍ တိုင်းတာသည်။

### ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုသည်မှာ ပြည်သူ့ရေးရာဝန်ဆောင်မှုများကို ထိရောက်အကျိုးရှိစွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံတော်၏ဘဏ္ဍာရင်းမြစ်များကို စနစ်တကျ ထိန်းကြောင်းပေးသည့်စနစ်ဖြစ်ပြီး၊ ရငွေနှင့် သုံးငွေများ စီမံခန့်ခွဲမှု၊ ၎င်းနှင့် မူဝါဒများ တစ်ခုနှင့်တစ်ခု ချိတ်ဆက်မှု၊ အကောင်အထည်ဖော်မှု၊ အကောင်အထည်ဖော်ဆောင်ရွက်သည့်အပေါ် တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းနှင့်ကိုက်ညီမှုရှိသော ပြည်သူ့ဘဏ္ဍာရေး အခြေအနေတစ်ရပ်လုံးကို ဆိုသည်။ ယင်းစကားရပ်တွင် ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းချမှတ်ခြင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို မဟာဗျူဟာမြောက် ခွဲဝေလျာထားခြင်း၊ အစီရင်ခံခြင်းတို့ ပါဝင်သည်။

### ရငွေ

အစိုးရ၏ရငွေများဖြစ်ပြီး၊ မူဝါဒချမှတ်ရာတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ အစိုးရက ရငွေများကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းများဖောက်လုပ်၊ ပြင်ဆင်ရေး၊ အိမ်ယာများ ဆောက်လုပ်ပေးရေးနှင့် ဆေးရုံများတည်ဆောက်ပေးခြင်း စသည်တို့အတွက် ပြန်လည်သုံးစွဲပါသည်။ အစိုးရ၏ ရငွေများမှာ တစ်ဦးချင်းနှင့် စီးပွားရေးလုပ်ငန်းများ၏ ဝင်ငွေခွန်များ၊ ယစ်မျိုးခွန်၊ အကောက်ခွန်၊ ပစ္စည်းခွန်များ၊ အခနှင့် ဒဏ်ကြေးများ၊ လူမှုဖူလုံရေး အစီအစဉ်များအတွက် ထည့်ဝင်ငွေများနှင့် အခြားအမျိုးမျိုးသော ရငွေများမှ ဖြစ်ပါသည်။

### ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု

အစိုးရ၏လုပ်ငန်းဆောင်တာများနှင့် အစိုးရအဖွဲ့အစည်းများ၊ အစိုးရ၏ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ပန်းတိုင်များနှင့် ရည်မှန်းချက်များ၊ ငွေရေးကြေးရေးဆိုင်ရာ မျှော်မှန်းချက်များနှင့် ပြည်သူ့ငွေ

စာရင်းများအား အများပြည်သူသိရှိစေရန် အသိပေး ထုတ်ပြန်သည့် မူဝါဒ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုတွင် အစိုးရ၏ လုပ်ငန်းဆောင်တာများကိုသာမက အစိုးရကဏ္ဍ၏ ပြင်ပတွင်ဖြစ်ပေါ်နေသည့် ဘဏ္ဍာရေးနှင့် စီးပွားရေး ဆိုင်ရာဖြစ်ပေါ်မှုအခြေအနေများကိုပါ ထုတ်ပြန် အသိပေးမှုများ ပါဝင်ပါသည်။ အဆိုပါထုတ်ပြန်ပေး သည့် သတင်းအချက်အလက်များသည် ယုံကြည် လက်ခံနိုင်ရန်၊ ပြည့်ပြည့်စုံစုံ ဖော်ပြထားရန်၊ အချိန် နှင့် တပြေးညီဖြစ်ရန်၊ နိုင်ငံတကာ အခြေအနေများ နှင့်နှိုင်းယှဉ်နိုင်သည့် သတင်းအချက်အလက်များ ဖြစ်ရန်လိုအပ်ပါသည်။ သို့မှသာ မဲဆန္ဒရှင်များ၊ ဥပဒေပြုသူများနှင့် ငွေရေးကြေးရေးဈေးကွက်များက အစိုးရ၏ လက်ရှိနှင့် အနာဂတ်ဘဏ္ဍာရေး အခြေ အနေကို လေ့လာသုံးသပ်နိုင်မည်ဖြစ်ပါသည်။



# ၁ ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်း ဆိုင်ရာစာစောင် နိဒါန်း/မိတ်ဆက်

## ၁.၁

## ဤစာစောင်ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်

အစိုးရတစ်ရပ်၏ ဘတ်ဂျက်သည် ပြည်သူလူထု၏ လိုအပ်ချက်များနှင့် အစိုးရ၏ လုပ်ငန်းဆောင်တာများထပ်တူကျစေသည့် စနစ်တစ်ခုဖြစ်သည့်အတွက် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်စဉ်တွင် အဓိကကျစွာ ပါဝင်ပါသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် စီးပွားရေးတိုးတက်မှု၊ အလုပ်အကိုင်များဖန်တီးပေးနိုင်မှုနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့တွင် အခြေခံကျသည့် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များကို စွမ်းဆောင်ရည် ပြည့်ဝစွာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူများ၏ဘဝများတိုးတက်ကောင်းမွန်လာစေရေးတို့အတွက် အဓိဋ္ဌာန်ပြုထားပြီးဖြစ်ပါသည်။ ၎င်းတို့ကို အင်ပြည့်အားပြည့် ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု အားကောင်းရန်လိုအပ်ပါသည်။ အရေးအကြီးဆုံးအချက်များမှာ

(က) ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေး၊

(ခ) တာဝန်ယူမှု၊ တာဝန်ခံမှုရှိရေးနှင့်

(ဂ) ပြည်သူလူထု အတူတကွ ပူးပေါင်း ပါဝင်နိုင်မည့် နည်းလမ်းများကို ဖော်ထုတ်ပေးရေးတို့ ဖြစ်ပါသည်။

ဖော်ပြပါအချက်တစ်ချက်ချင်းစီ ထမြောက်အောင်မြင်ရေးတွင် တိုင်းဒေသကြီး၏ဘတ်ဂျက်ကို မဲဆန္ဒရှင်ပြည်သူများ အစီရင်ခံတင်ပြခြင်းသည် အရေးပါသည်ကို နားလည်သဘောပေါက်ပါသည်။ ထို့အတွက် ယခုဘတ်ဂျက်အစီရင်ခံစာများ ပြည်သူများလက်ဝယ် သို့ရောက်ရှိစေခြင်းဖြင့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု တိုးတက်ဖွံ့ဖြိုးစေရေးအတွက် အတူတကွလက်တွဲ ဆောင်ရွက်နိုင်ရန် မျှော်မှန်းပါသည်။

ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိခြင်းသည် ပြည်သူ့ဘဏ္ဍာရင်းမြစ်များကို မည်သို့ရရှိသည်၊ မည်သို့စီမံခန့်ခွဲသည်၊ မည်သို့သုံးစွဲသည်ကို ရှင်းလင်း၊ ပြည့်စုံစွာ အသိပေးတင်ပြခြင်းဖြစ်ပြီး၊ ဒီမိုကရေစီနည်းကျအုပ်ချုပ်မှုစနစ်တွင် အရေးပါသည့်လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ ပြည်သူ့အတွက် ဘတ်ဂျက်အစီရင်ခံစာသည် ဘဏ္ဍာရေးပွင့်လင်းမြင်သာမှုရှိရေးတွင် အဓိကကျသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပြီး၊ ၎င်း၏ အခြေခံအကျဆုံး သွင်ပြင်လက္ခဏာမှာ ပြည်သူများက ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာသတင်းအချက်အလက်များကို သိရှိနားလည်နိုင်ရေး ဖြစ်ပါသည်။ ပြည်သူ့ဘဏ္ဍာငွေများကို မည်သို့စီမံခန့်ခွဲ၊ သုံးစွဲသည်ကို ပိုမိုနားလည် သဘောပေါက်စေရန် ရည်ရွယ်၍ ရှေ့တွင် ဆက်လက်ဖော်ပြမည့် စာမျက်နှာများတွင် ပဲခူးတိုင်းဒေသကြီး၏ စီးပွားရေးအခြေအနေများ၊ ကဏ္ဍအလိုက်၊ ဝန်ကြီးဌာနအလိုက် အသုံးစရိတ်များ၊ ဘတ်ဂျက်ခန့်မှန်းခြေများကို အများပြည်သူ လွယ်လင့်တကူနားလည်နိုင်ရန် တင်ပြထားပါသည်။

ထို့အပြင် ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်း အစီရင်ခံစာသည် အစိုးရက ပြည်သူ့ဘဏ္ဍာငွေကို မည်သို့ ရရှိ၊ သုံးစွဲသည်ကို ဖော်ပြခြင်းဖြင့် ပြည်သူ့ရေးရာ တာဝန်ယူမှု၊တာဝန်ခံမှုကို အားကောင်းစေမည် ဖြစ်ပါသည်။ ထို့အပြင် ပြည်သူများ၏

ပါဝင်မှုကိုမျှော်မှန်း၍ ယခုအစီရင်ခံစာတွင် ပဲခူးတိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ဆက်သွယ်နိုင်မည့် အချက်အလက်များကိုလည်း ဖော်ပြထားပါသည်။

မူဝါဒရေးဆွဲသူများ၊ အကောင်အထည်ဖော်ဆောင်ရွက်သူများနှင့် ပြည်သူများအကြား ဆက်သွယ်မှုကို ပေါင်းကူးပေးခြင်းဖြင့် ကျွန်ုပ်တို့မျှော်မှန်းထားသည့် အစိုးရနှင့် ပြည်သူအကြား အပြန်အလှန်ချိတ်ဆက်မှု အားကောင်းရေးကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် ပြည်သူများ၏ ပံ့ပိုး၊ပါဝင်မှုကို ကြိုဆိုခြင်းဖြင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု၊ ကတိကဝတ်များကို တိုးတက်ကောင်းမွန်လာစေမည်ဖြစ်ပါသည်။

ထို့အတွက်ကြောင့် ယခုစာစောင်တွင် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်၌ ပြည်သူလူထုပါဝင်နိုင်သည့် နည်းလမ်းများ၊ အခွင့်အလမ်းများကိုလည်း ဖော်ပြထားပါသည်။ ပြည်သူများကလည်း မိမိတို့၏ဘဝများအပေါ် တိုက်ရိုက်သက်ဆိုင်သည့် ဆုံးဖြတ်ချက်ချမှုလုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ရန် တိုက်တွန်းအားပေးလိုပါသည်။

ယခုကဲ့သို့သော ဘတ်ဂျက်အစီရင်ခံစာများကို နှစ်စဉ် ထုတ်ပြန်ဖော်ပြခြင်းဖြင့် မိမိတို့၏ ဘဝ၊ မိမိ တို့၏ လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းနိုင်မည့် မျှတသော၊ အားလုံးပါဝင်နိုင်သော ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်များကို ကောင်းမွန်နားလည်စွာ သိရှိပြီး၊ ပိုမို ပါဝင်နိုင်ရန် မျှော်မှန်းပါသည်။

## ၁.၂
## ပဲခူးတိုင်းဒေသကြီးအစိုးရ၏ လုပ်ငန်းတာဝန်များ



၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များသို့ အာဏာ ခွဲဝေအပ်နှင်းထားမှုနှင့် စပ်လျဉ်းသည့် အခြေခံ သတ်မှတ်ချက်များကို ညွှန်ပြပါသည်။ ပို၍ အသေးစိတ် ဆိုရလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၁) သည် ပြည်ထောင်စုအစိုးရ၏ အခွင့်အာဏာများကို ဖော်ပြပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၂) သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအခွင့်အာဏာများကို ဖော်ပြပါသည်။ ဇယား (၂) တွင် ဖော်ပြထားသော တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ လုပ်ပိုင်ခွင့်များအတွက် ဘဏ္ဍာရေးဆိုင်ရာအခွင့်အာဏာလည်း ပေးအပ်ထားပြီး၊ အဆိုပါလုပ်ပိုင်ခွင့်များကို တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် မြင်တွေ့နိုင်ပါသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရ အသုံးစရိတ်များနှင့် ပြည်ထောင်စုအစိုးရ အသုံးစရိတ်များကို အပိုင်း ၄.၁ နှင့် ၄.၂ တို့တွင် ဖော်ပြထားပါသည်။

ဥပမာဆိုရလျှင် မြို့ပြနှင့်သက်ဆိုင်သော မြူနီစီပယ်ရေးရာစီမံခန့်ခွဲမှုများနှင့် ဝန်ဆောင်မှုများမှာ ပဲခူးတိုင်းဒေသကြီး၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်ပါသည်။ သို့သော်လည်း ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတို့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၂) တွင် မပါဝင်သဖြင့် ပဲခူးတိုင်းဒေသကြီး၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်ခြင်းမရှိပါ။

ပဲခူးတိုင်းဒေသကြီး အစိုးရအသုံးစရိတ်နှင့် ပြည်ထောင်စုဘတ်ဂျက်မှ ငွေလုံးငွေရင်းအသုံးစရိတ်များကို "အခန်း (၄) အသုံးစရိတ်" တွင် အသေးစိတ် ဖော်ပြထားပါသည်။

> ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စပ်လျဉ်း၍ ပိုမို၍ ပြည့်ပြည့်စုံစုံသိရှိလိုပါလျှင် နောက်ဆက်တွဲဖြင့် ဖော်ပြထားသည့် "လေ့လာဖတ်ရှုနိုင်သည့် သတင်းအချက်အလက်များကဏ္ဍ" တွင် ရည်ညွှန်းချက်များအတိုင်း လေ့လာဖတ်ရှုနိုင်ပါသည်။

## ဘတ်ဂျက်စက်ဝန်း

ဘတ်ဂျက်လုပ်ငန်းစဉ်သည် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ရသော ဖြစ်စဉ်တစ်ခုဖြစ်ပြီး အဆင့်တစ်ဆင့်ချင်းစီက ရှေ့တစ်ဆင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ကို ညွှန်ပြပါသည်။

**ဘတ်ဂျက် စက်ဝန်းအစ** →

**ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲခြင်း**

အစိုးရ၏ ဦးစားပေးမူဝါဒလုပ်ငန်းစဉ်များ ဖော်ထုတ်ပြီး အဆိုပြု စီမံကိန်းနှင့် ရသုံးခန့်မှန်းခြေ ငွေစာရင်း မူကြမ်းများ ရေးဆွဲ ပြင်ဆင်ပါသည်။



**တိုင်းဒေသကြီးလွှတ်တော်တွင် ဆွေးနွေးချိန်ညှိခြင်းနှင့် အတည်ပြုခြင်း**

မူကြမ်းရေးဆွဲ ထားသည့် စီမံကိန်းနှင့် ရသုံးခန့်မှန်းခြေ ငွေစာရင်းတို့ကို ပြန်လည် ဆွေးနွေး၊ သုံးသပ်ခြင်း၊ ချိန်ညှိခြင်း တို့ကို ဆောင်ရွက်ပြီးနောက်၊ တိုင်းဒေသကြီး လွှတ်တော်က အတည်ပြု ပြဌာန်းပါသည်။

**အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ထိန်းကျောင်းခြင်း**

ရသုံးခန့်မှန်းခြေငွေစာရင်းကို အကောင်အထည်ဖော်ပြီး ဌာနအလိုက် ရငွေများ ရှာဖွေခြင်းနှင့် အသုံးစရိတ်များ သုံးစွဲခြင်းတို့ပါဝင်ပါသည်။ ၎င်းအကောင်အထည်ဖော်မှုလုပ်ငန်းစဉ်တလျောက် စောင့်ကြည့် ထိန်းကျောင်းမှုများလည်း ဆောင်ရွက်ပါသည်။

**စာရင်းစစ်ဆေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း**


နောက်ဆုံးအဆင့်တွင် ဘတ်ဂျက်ကို စာရင်းစစ်ဆေးမှုများ ပြုလုပ်ရပြီး၊ စီမံကိန်းများအရလည်းကောင်း၊ ကတိကဝတ်များအရ လည်းကောင်း၊ ထိရောက်သည့် အသုံးစရိတ်များဖြစ်မဖြစ်ကိုလည်းကောင်း ပြန်လည်သုံးသပ်မှုများ ဆောင်ရွက်ရပါသည်။ ရရှိသည့် အတွေ့အကြုံများသည် လာမည့် ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း ပြင်ဆင်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်များအတွက် အကျိုးဖြစ်စေမည် ဖြစ်ပါသည်။

# ၁.၃

# ဘတ်ဂျက်လုပ်ငန်းစဉ် အဆင့်ဆင့်ဖော်ပြချက်

**ဘတ်ဂျက်လုပ်ငန်းစဉ် အစ** →

ပဲခူးတိုင်းဒေသကြီးအစိုးရ | ပြည်ထောင်စုအစိုးရ




**ဇူလိုင်လမှ ဩဂုတ်လအတွင်း**

ပဲခူးတိုင်းဒေသကြီးရှိ မြို့နယ်နှင့် ခရိုင်အဆင့် ဘတ်ဂျက်နှင့် စီမံကိန်းများကို အောက်ခြေ အဆင့်မှ တင်ပြ၍ ရေးဆွဲပါသည်။ (၎င်းအဆင့်တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆွေးနွေး ညှိနှိုင်းမှုများ ပါဝင်ပါသည်)

**စက်တင်ဘာလ**

တင်ပြလာသည့် ဘတ်ဂျက်နှင့် စီမံကိန်းများကို စီမံကိန်း ဦးစီးဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီး ဌာနတို့က ပေါင်းစည်းခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် ပြန်လည် ညှိနှိုင်း၊ ပြင်ဆင်ခြင်းနှင့် ပဲခူးတိုင်းဒေသ ကြီးအစိုးရထံ မူကြမ်းတင်ပြခြင်းတို့ကို ဆောင်ရွက်ပါသည်။ ပဲခူးတိုင်း ဒေသကြီးအစိုးရက အစိုးရ အဖွဲ့အစည်းအဝေးများမှ တဆင့် အဆိုပြုမူကြမ်းများကို ပြင်ဆင်ခြင်း၊ သဘောထား မှတ်ချက်ပေးခြင်း၊ ညှိနှိုင်း ခြင်း၊ ချိန်ညှိပြင်ဆင်ခြင်း များ ပြုလုပ်ပြီး၊ ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာနနှင့် စီမံ ကိန်းရေးဆွဲရေးဦးစီးဌာနသို့ ပြန်လည် ပေးပို့ခြင်း တို့ကို ဆောင်ရွက်ပါသည်။

**စက်တင်ဘာလမှ အောက်တိုဘာလအတွင်း**

ညွှန်ကြားချက်များအတိုင်း ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန နှင့် စီမံကိန်းရေးဆွဲရေး ဦးစီးဌာန တို့က လိုအပ်သလို ပြင်ဆင်ပြီး၊ ပြင်ဆင် ထားသည့် မူကြမ်းများကို တိုင်းဒေသကြီး လွှတ်တော်သို့ ပြန်လည် သုံးသပ်နိုင်ရန်နှင့် ခွင့်ပြုပေးနိုင်ရန်တင်ပြပါသည်။

**အောက်တိုဘာလမှ နိုဝင်ဘာလအတွင်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်က တင်ပြလာသည့် အဆိုပြု မူကြမ်းများကို ပြန်လည်သုံးသပ်ဆန်းစစ်ခြင်း နှင့် ခွင့်ပြုပေးခြင်း တို့ကို ဆောင်ရွက်ပြီးနောက်၊ ပြည် ထောင်စု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြ ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များက အဆိုပြုသည့် ရသုံးခန့်မှန်းခြေ ငွေစာရင်းများကို ဒုတိယ သမ္မတက ဦးဆောင်၍ ပြန်လည် သုံးသပ်ပြီး၊ ဘဏ္ဍာရေးကော် မရှင်သို့ ပေးပို့၍ သုံးသပ်၊ ညှိနှိုင်းခြင်းနှင့်အတည်ပြုခြင်း တို့ကို ဆောင်ရွက်ရပါသည်။

**နိုဝင်ဘာလမှ ဒီဇင်ဘာလအတွင်း**

ဘဏ္ဍာရေးကော်မရှင်က အတည်ပြုထားသည့် ပဲခူးတိုင်းဒေသကြီး၏ ရသုံးခန့်မှန်းခြေငွေစာရင်းကို ပြည်ထောင်စု လွှတ်တော်သို့ ပေးပို့ပါ သည်။ ပြည်ထောင်စုလွှတ်တော်က ပြန်လည်သုံးသပ်ခြင်း၊ညှိနှိုင်းခြင်း၊ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ပြီး၊ ပဲခူးတိုင်းဒေသကြီးအစိုးရထံသို့ ပြန်လည် ပေးပို့ပါသည်။

**ဇန်နဝါရီလမှ မတ်လအတွင်း**


ပဲခူးတိုင်း ဒေသကြီး အစိုးရက လိုအပ်သည့် ပြင်ဆင် ညှိနှိုင်းမှုများ ဆောင်ရွက်ပြီး၊ အတည်ပြု ပေးနိုင်ရန် တိုင်းဒေသကြီး လွှတ်တော်သို့ ပေးပို့ပါသည်။

**မတ်လ**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီး ချုပ်က လာမည့်ဘဏ္ဍာရေး နှစ်အတွက် တိုင်းဒေသကြီး ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် တိုင်းဒေသကြီးစီမံကိန်းကို ဥပဒေအဖြစ် အတည်ပြုလက်မှတ်ရေးထိုးပါသည်။

* မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ ဘဏ္ဍာရေးနှစ်ကို အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိသို့ ပြောင်းလဲကျင့်သုံးရန် ပြင်ဆင်ထားပါသည်။

# ၁.၄
# အစိုးရဘတ်ဂျက်နှင့် စီးပွားရေး




## အစိုးရ၏ရငွေများ

အစိုးရ၏ လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများအတွက် လိုအပ်သည့် ဘဏ္ဍာငွေကို အခွန်အကောက်ရငွေများ၊ အခြားရငွေများနှင့် ပြည်ထောင်စုအစိုးရ၏ လွှဲပြောင်းထောက်ပံ့ငွေများမှ ရရှိပါသည်။ ဘဏ္ဍာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကြောင့် အစိုးရရငွေများ တိုးတက်လာခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရရငွေများမှာ ၂၀၁၃ ခုနှစ်ကနှင့် နှိုင်းယှဉ်လျှင် ၁၅၀ ရာခိုင်နှုန်းနီးပါး တိုးတက်လာခဲ့ပါသည်။

## အစိုးရ၏ အသုံးစရိတ်များ

ပြည်သူများ၏ လူမှုဘဝ တိုးတက်ကောင်းမွန်စေရေးအတွက် ရင်းနှီးမြှုပ်နှံရေးမှာ အစိုးရတစ်ရပ်၏ တာဝန်ဖြစ်ပါသည်။ ထို့ကြောင့် ပဲခူးတိုင်းဒေသကြီး အစိုးရသည် ဘတ်ဂျက်၏တစ်စိတ်တစ်ပိုင်းကို တိုင်းဒေသကြီးရှိ ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများ နိုင်ငံ၏ အခြားသောဒေသများနှင့်လည်းကောင်း၊ နိုင်ငံတကာ ဈေးကွက်များနှင့်လည်းကောင်း ပို၍ ကောင်းမွန်စွာ ချိတ်ဆက်ပေးနိုင်မည့် လမ်းကွန်ယက်များကဲ့သို့သော အခြေခံအဆောက်အအုံများ ကောင်းမွန်ရေးအတွက် သုံးစွဲပါသည်။

## မျှော်မှန်းရလဒ်

အခြေခံအဆောက်အအုံများတွင် တိုးမြှင့်ရင်းနှီး မြှုပ်နှံရခြင်းသည် ပြည်သူများ၏လူမှုဘဝ တိုးတက်ကောင်းမွန်ရန်နှင့် ကုန်စည်နှင့် သတင်းအချက်အလက်များ လွယ်ကူချောမွေ့စွာ စီးဆင်းစေရန်ဖြစ်ပြီး၊ ပြည်သူများ စီးပွားရေးလုပ်ဆောင်မှုများတွင် တိုး၍ ပါဝင်လာနိုင်စေမည် ဖြစ်ပါသည်။ အခြေခံ

အဆောက်အအုံများကို ပို၍ကောင်းမွန်စေခြင်းဖြင့် လုပ်ငန်းကုန်ကျစရိတ်များ လျှော့ချနိုင်ပြီး၊ စိုက်ပျိုးရေး၊ ကုန်စည်ထုတ်လုပ်မှုနှင့် ခရီးသွားလုပ်ငန်းစသည့် စီးပွားရေးကဏ္ဍများကို တိုးတက်မြင့်မားလာစေမည်ဖြစ်ပြီး၊ အလုပ်အကိုင်နှင့် တိုးတက်မှုများကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

အဆိုပါစီးပွားရေးကဏ္ဍများတွင် စွမ်းဆောင်ရည် ကောင်းမွန်လာသည်နှင့်အမျှ ပြည်သူများ ချမ်းသာကြွယ်ဝလာခြင်းနှင့် စီးပွားရေးစနစ်တွင် ပိုမို ပါဝင်လာခြင်းတို့ကို ဖြစ်စေမည်ဖြစ်ပါသည်။ စီးပွားရေးခိုင်မာအားကောင်းလာမှုနှင့်အတူ ပြည်သူများ၏ ဝင်ငွေအဆင့်အတန်း မြင့်မားလာပြီး၊ အစိုးရ၏ အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွန်ဘဏ္ဍာဝင်ငွေများကို ပိုမိုရရှိစေမည်ဖြစ်ပါသည်။ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရေးကို အထောက်အပံ့ဖြစ်စေရန် စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများက ပေးဆောင်ရမည့် အခွန်အခများကို အချိန်နှင့်တပြေးညီ မှန်ကန်စွာပေးဆောင်ခြင်းဖြင့် ပြည်သူအားလုံး အကျိုးရှိစေမည်ဖြစ်ပါသည်။

# ၂ စီးပွားရေးအခြေအနေ






## ၂.၁
## ပဲခူးတိုင်းဒေသကြီး၏ စီးပွားရေးအခြေအနေ

ဒေသတစ်ခု၏ စီးပွားရေးစွမ်းဆောင်ရည်ကို ယေဘုယျအားဖြင့် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ) တိုးတက်မှုနှင့် တိုင်းတာလေ့ရှိပါသည်။ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုဆိုသည်မှာ ဒေသတစ်ခုက နှစ်တစ်နှစ်အတွင်း ထုတ်လုပ်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ စုစုပေါင်းတန်ဖိုးဖြစ်ပါသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ထွန်းစေသည့် အကြောင်းရင်းခံ အများအပြားရှိသည့်အနက် အစိုးရ၏ဘတ်ဂျက်နှင့် အသုံးစရိတ်တို့မှာ အရေးပါသည့်အကြောင်းရင်းတစ်ခုဖြစ်ပါသည်။ ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများ၏ လူမှုဘဝတိုးတက်ရေးမှာ ကျွန်ုပ်တို့အစိုးရ၏ ရည်မှန်းချက်တစ်ရပ်ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၏စီးပွားရေးမှာ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုတန်ဖိုးများအရ တစ်နှစ်ထက် တစ်နှစ်တိုးတက်လာလျက်ရှိပါသည်။ နှစ်စဉ်အစိုးရနှင့် ပြည်သူများ၏ ဝင်ငွေနှင့် သုံးစွဲမှုများ တိုးမြင့်လာလျက်ရှိပါသည်။ စီးပွားရေးတိုးတက်လာရသည်မှာ အစိုးရက အခြေခံအဆောက်အအုံနှင့် အခြားနယ်ပယ်များတွင် တိုးမြှင့်သုံးစွဲခြင်းနှင့် ပုဂ္ဂလိကကဏ္ဍတွင် ပြည်သူများ၏ ကုန်စည်နှင့်ဝန်ဆောင်မှုများ ထုတ်လုပ်မှုတိုးမြင့်လာခြင်း တို့ကြောင့် ဖြစ်ပါသည်။


တိုင်းဒေသကြီး ဂျီဒီပီ (မြန်မာကျပ် သန်းထောင်ပေါင်း ၊ ၂၀၁၃/၁၄ မှ ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်အထိ)



## ပဲခူးတိုင်းဒေသကြီးအစိုးရဘတ်ဂျက်

ပြီးခဲ့သောဘဏ္ဍာရေးနှစ် ၅ နှစ်အတွင်း တိုင်းဒေသကြီး၏ ဘတ်ဂျက်အသုံးစရိတ်များ သိသိသာသာ မြင့်တက်ခဲ့ပါသည်။ ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ခန့်မှန်းခြေအရ ပဲခူးတိုင်းဒေသကြီး အစိုးရ၏ အသုံးစရိတ်မှာ ကျပ် ၁၅၈ ဘီလျံဝန်းကျင်ဖြစ်ပြီး ဒေသတွင်း ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) ၏ ၂ ရာခိုင်နှုန်း ရှိပါသည်။




## တစ်ဦးကျ ဂျီဒီပီ

ဒေသတွင်း လူတစ်ဦးကျ ပျမ်းမျှထုတ်လုပ်မှုတန်ဖိုးသည် လူနေမှုအဆင့်အတန်းကိုဖော်ပြသည့်ညွှန်ကိန်း တစ်ခုဖြစ်ပါသည်။ ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအတွင်း လူတစ်ဦးကျထုတ်လုပ်မှုတန်ဖိုးသည် ၁,၅၂၇,၈၉၇ ကျပ် ဖြစ်ပြီး၊ နှစ်စဉ် မြင့်တက်လာပါသည်။

## တစ်ဦးကျအသုံးစရိတ်နှင့် ဘဏ္ဍာရင်းမြစ်များ

တစ်ဦးကျ အသုံးစရိတ်နှင့် ဘဏ္ဍာရင်းမြစ်သည် အစိုးရက လူတစ်ဦးလျှင် ပြည်သူ့ဝန်ဆောင်မှုများ မည်မျှ ပံ့ပိုးပေးနိုင်သည်ကို ဖော်ပြပါသည်။ ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီး၏ တစ်ဦးကျ အသုံးစရိတ်/ဘဏ္ဍာရင်းမြစ်သည် ကျပ် ၃၂,၄၇၆ ရှိပြီး၊ ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်ကထက် မြင့်တက်ပါသည်။



## ၂.၂
## ပဲခူးတိုင်းဒေသကြီး၏ ကဏ္ဍအလိုက်စီးပွားရေးအခြေအနေ

စုစုပေါင်း ဒေသတွင်း ထုတ်လုပ်မှုတန်ဖိုး
ကျပ်သန်းထောင်ပေါင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်




ဝန်ဆောင်မှုကဏ္ဍကြီး




လယ်ယာကဏ္ဍကြီး




စက်မှုကဏ္ဍကြီး


| | ကျပ်သန်း ထောင်ပေါင်း | ပါဝင်မှု % |
|---|---|---|
| **လယ်ယာကဏ္ဍကြီး** | **၂၂၉၁** | **၃၀ %** |
| လယ်ယာ | ၁၄၉၁ | ၂၀ % |
| သားငါး | ၇၉၄ | ၁၁ % |
| သစ်တော | ၆ | ၀ % |
| **စက်မှုကဏ္ဍကြီး** | **၂၂၂၆** | **၃၀ %** |
| စွမ်းအင် | ၁ | ၀ % |
| သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၁၄ | ၀ % |
| စက်မှုလက်မှု | ၁၆၉၈ | ၂၃ % |
| လျှပ်စစ်ဓာတ်အား | ၅၉ | ၁ % |
| ဆောက်လုပ်ရေး | ၄၅၅ | ၆ % |
| **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၉၉၈** | **၄၀ %** |
| ပို့ဆောင်ရေး | ၉၆၈ | ၁၃ % |
| ဆက်သွယ်ရေး | ၁၄၉ | ၂ % |
| ငွေရေးကြေးရေး | ၉ | ၀ % |
| လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၁၇၆ | ၂ % |
| ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၂၁၀ | ၃ % |
| ကုန်သွယ်မှုတန်ဖိုး | ၁၄၈၆ | ၂၀ % |

ပဲခူးတိုင်းဒေသကြီး၏စီးပွားရေးကို စိုက်ပျိုးရေး၊ စက်မှုနှင့် ဝန်ဆောင်မှုဟူ၍ ကဏ္ဍကြီး ၃ ရပ် ဖြင့် ခွဲခြားနိုင်ပါသည်။ တိုင်းဒေသကြီးစီးပွားရေး၏ ၄၀ ရာခိုင်နှုန်းမှာ ဝန်ဆောင်မှုကဏ္ဍ ဖြစ်သည်။ ဝန်ဆောင်မှုကဏ္ဍတွင် သယ်ယူပို့ဆောင်ရေးနှင့် ကုန်သွယ်မှုတို့မှာ အဓိကဖြစ်ပြီး၊ တိုင်းဒေသကြီး စီးပွားရေး၏ ၁၃ ရာခိုင်နှုန်း နှင့် ၂၀ ရာခိုင်နှုန်း အသီးသီး ရှိကြပါသည်။ စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကဏ္ဍတို့မှာလည်း တိုင်းဒေသကြီး၏ စီးပွားရေးတွင် အရေးကြီးသောကဏ္ဍများဖြစ်ပြီး တိုင်းဒေသကြီးစီးပွားရေးတွင် ၃၀ ရာခိုင်နှုန်းစီ ပါဝင်ပါသည်။ တိုင်းဒေသကြီး၏စီးပွားရေးဆိုင်ရာ အသေးစိတ်ကို ယှဉ်တွဲဖော်ပြထားသော ဇယား တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

# ၃ ရငွေများ

ပဲခူးတိုင်းဒေသကြီးအစိုးရက မည်သည့်နည်းလမ်းများဖြင့် ဘဏ္ဍာရငွေများ ရရှိပါသနည်း။

## ၃.၁ တိုင်းဒေသကြီးအစိုးရ၏ ဘဏ္ဍာရင်းမြစ်များဆိုင်ရာ ရှင်းလင်းဖော်ပြချက်များ




**၂%**

**ပြည်ထောင်စုလွှတ်တော်မှ လွှဲပြောင်းပေးငွေ**

မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နိုင်ရန် တစ်မြို့နယ်လျှင် ကျပ် သိန်း ၁၀၀၀ ရရှိသည့်ရန်ပုံငွေဖြစ်ပါသည်။ အဆိုပါရန်ပုံငွေ သည် တိုင်းဒေသကြီး၏ စုစုပေါင်းဘဏ္ဍာငွေတွင် ၂ ရာခိုင်နှုန်း ပါဝင်ပါသည်။

**၃%**

**တိုင်းဒေသကြီး၏ အခွန်အကောက်ရငွေ**

ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီးက ကောက်ခံခွင့်အပ်နှင်းထားသည့် အခွန်၊ အခများမှ ရငွေဖြစ်ပါသည်။ တိုင်းဒေသကြီး၏ စုစုပေါင်း ဘဏ္ဍာရင်းမြစ်တွင် အခွန်အကောက်ရငွေက ၃ ရာခိုင်နှုန်း ပါဝင်ပါသည်။

**၈၁%**

**ပြည်ထောင်စုမှ ထောက်ပံ့ငွေ**

ပြည်ထောင်စု၏ထောက်ပံ့ငွေသည် တိုင်းဒေသကြီးအစိုးရ ဘဏ္ဍာရငွေတွင် ၈၁ ရာခိုင်နှုန်းပါဝင်ပြီး၊ အဓိကကျသည့် ဘဏ္ဍာငွေ အရင်းအမြစ်ဖြစ်ပါသည်။ ပြည်ထောင်စု၏ လွှဲပြောင်းထောက်ပံ့ငွေကို တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုချင်းစီအတွက် ဘဏ္ဍာငွေတွက်ချက်မှု နည်းလမ်းကို အသုံးပြု၍ ခွဲဝေပံ့ပိုးပါသည်။

**၁၄%**

**အခွန်မဟုတ်သည့်အခြားသာမန်ရငွေ**

ဝင်ငွေအမျိုးအစားတွင် အခွန်မဟုတ်သည့် အခြားရငွေအမျိုးအစားများဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးတွင် ပြည်ထောင်စုက ကောက်ခံရရှိသည့်အခွန်များအတွက် တိုင်းဒေသကြီးသို့ ပြန်လည်ခွဲဝေပေးသည့် အခွန်ဝေစု ကဲ့သို့သော ပြည်ထောင်စု၏ အခြားလွှဲပြောင်းပေးငွေများပါဝင်ပါသည်။

၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်အသုံးစရိတ်များအတွက်လိုအပ်သည့် ဘဏ္ဍာငွေကို ဖြည့်ဆည်းရန် ပဲခူးတိုင်းဒေသကြီးအစိုးရ၏ စုစည်းသည့် ဘဏ္ဍာရင်းမြစ်များမှာ (က) ကိုယ်တိုင်ရှာဖွေရငွေများနှင့် (ခ) ဘဏ္ဍာငွေလွှဲပြောင်းထောက်ပံ့ငွေများမှဖြစ်သည်။

### ကိုယ်တိုင်ရှာဖွေရငွေများ

တိုင်းဒေသကြီးအစိုးရ၏ ကိုယ်တိုင်ရှာဖွေရငွေများကို (က) လိုင်စင်ကြေးများ၊ ဒဏ်ကြေးရငွေများကဲ့သို့သော အခွန်မဟုတ်သည့် သာမန်ရငွေများနှင့် (ခ) ပစ္စည်းခွန်၊ မြေယာအပေါ် ကောက်ခံသည့်အခွန်ကဲ့သို့သော အခွန်အကောက်ရငွေတို့မှ ရရှိပါသည်။ ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရ၏ ဘဏ္ဍာရငွေ စုစုပေါင်းအနက်မှ ၃ ရာခိုင်နှုန်း (ကျပ် ၅ ဘီလီယံဝန်းကျင်) မှာ အခွန်အကောက်ရငွေများဖြစ်သည်။

အခွန်အကောက်မဟုတ်သည့် အခြားကိုယ်တိုင်ရှာဖွေရငွေများကို "အခြားသာမန်ရငွေများ" အဖြစ် ဖော်ပြထား ပါသည်။

**ဘဏ္ဍာငွေလွှဲပြောင်းထောက်ပံ့ငွေများ**


တိုင်းဒေသကြီးအစိုးရ၏ ကိုယ်တိုင်ရှာဖွေရငွေများသည် ပြည်သူ၏အသုံးစရိတ်စုစုပေါင်းကို ဖြည့်ဆည်းနိုင်ရန် လုံလောက်မှုမရှိပါ။ ထို့အတွက် တိုင်းဒေသကြီး အသုံးစရိတ်အတွက် ဘဏ္ဍာလိုငွေကို ပြည်ထောင်စုမှ လွှဲပြောင်းထောက်ပံ့ငွေဖြင့် ဖြည့်ဆည်းပါသည်။ ပဲခူးတိုင်းဒေသကြီး၏ဘဏ္ဍာငွေအများစုကို ပြည်ထောင်စုအစိုးရထံမှ လွှဲပြောင်းထောက်ပံ့ငွေမှ ရရှိပြီး၊ ၎င်းတွင် "ပြည်ထောင်စု၏ ထောက်ပံ့ငွေ" ၈၁ ရာခိုင်နှုန်းနှင့် "ပြည်ထောင်စုလွှတ်တော်မှ လွှဲပြောင်းထောက်ပံ့ငွေ" ၂ ရာခိုင်နှုန်း ပါဝင်ပါသည်။

## ပြည်ထောင်စုမှ ထောက်ပံ့ငွေ

၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်မှစတင်၍ ပြည်ထောင်စု၏ ထောက်ပံ့ငွေစုစုပေါင်းမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ လွှဲပြောင်းထောက်ပံ့ငွေကို နည်းလမ်းတစ်ရပ် အသုံးပြု၍ တွက်ချက်ခွဲဝေပေးခဲ့ပါသည်။ နိုင်ငံတကာမှ အကောင်းဆုံးနည်းလမ်းများကို နည်းနာယူ၍ အသုံးပြုသည့် တွက်ချက်မှုနည်းလမ်းသည် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အသုံးစရိတ် လိုအပ်ချက်များနှင့် ဘဏ္ဍာငွေလိုအပ်ချက်များကို ထည့်သွင်း၍ တွက်ချက်ထားခြင်းဖြစ်ပြီး၊ လက်ရှိတွင် အောက်ဖော်ပြပါ ညွှန်းကိန်းများကို သုံးစွဲပါသည် -

- တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူဦးရေ
- တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆင်းရဲနွမ်းပါးမှုညွှန်ကိန်း
- တိုင်းဒေသကြီး/ပြည်နယ်အလိုက် တစ်ဦးကျ ဂျီဒီပီ
- တိုင်းဒေသကြီး/ပြည်နယ်အလိုက်အကျယ်အဝန်း
- တိုင်းဒေသကြီး/ပြည်နယ်အလိုက် မြို့ပြလူဦးရေ
- တစ်ဦးကျ အခွန်ကောက်ခံရရှိမှု

## ရရှိသော လွှဲပြောင်းထောက်ပံ့ငွေ ပမာဏ



## တိုင်းဒေသကြီး၏ အခွန်အကောက်ရငွေ ရှင်းလင်းဖော်ပြချက်


အခွန်ရငွေများမှာ (က) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ (ခ) ငါးလုပ်ငန်းဦးစီးဌာန၊ (ဂ) သစ်တော ဦးစီးဌာနနှင့် (ဃ) စည်ပင်သာယာရေး အဖွဲ့များက ကောက်ခံသည့် အခွန်အမျိုးအစား ၈ ရပ်မှ ရရှိပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကောက်ခံသည့် ယစ်မျိုးခွန်၊ မြေယာခွန်၊ တာတမံခွန်နှင့် ဓာတ်သတ္တုခွန်တို့မှာ တိုင်းဒေသကြီးက ကောက်ခံရရှိသည့် အခွန်အခရငွေများ၏ ၅၂ ရာခိုင်နှုန်း ပါဝင်ပြီး၊ ယစ်မျိုးခွန်တစ်မျိုးတည်းမှ ၄၄ ရာခိုင်နှုန်း ပါဝင်ပါသည်။ အခြားအခွန်ရငွေများတွင် ငါးလုပ်ငန်းဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့က ကောက်ခံသည့် အင်းအိုင်ခွန်နှင့် သစ်တောထွက် ပစ္စည်းများအပေါ် စည်းကြပ်သည့် အခွန်တို့ အသီးသီးပါဝင်ပါ သည်။ မြို့ပြဝန်ဆောင်မှုလုပ်ငန်းများတွင် တာဝန်ခံထားသည့် စည်ပင်သာယာရေးအဖွဲ့များမှာ တိုင်းဒေသကြီး အခွန်ရငွေ၏ ၂၁ ရာ ခိုင်နှုန်းကို ရှာဖွေပေးပြီး၊ ၇၅ ရာခိုင်နှုန်းနီးပါးကို ပစ္စည်းခွန် ကောက်ခံခြင်းမှ ရရှိပါ သည်။ ပစ္စည်းခွန်သည် မြို့နေလူထုက မြို့ပြဝန်ဆောင်မှုများရရှိခြင်းအတွက် ပေးဆောင်ရငွေ ဖြစ်ပါသည်။

**အခွန်အမျိုးအစားအလိုက်ကောက်ခံရရှိငွေ (၂၀၁၇/၁၈ ဘတ်ဂျက်ခန့်မှန်းခြေ)**

| | ကျပ် သန်း ပေါင်း | တစ်ဦး ကျလျှင် (ကျပ်) | အခွန် ရငွေတွင် ပါဝင်မှု % |
|---|---|---|---|
| **အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန** | ၂,၆၂၈ | ၅၄၀ | ၅၂% |
| ယစ်မျိုးခွန် | ၂,၂၂၈ | ၄၅၈ | ၄၄% |
| မြေယာခွန် | ၂၃၈ | ၄၉ | ၅% |
| ဓာတ်သတ္တုခွန် | ၁၆၀ | ၃၃ | ၃% |
| **ငါးလုပ်ငန်းဦးစီးဌာန** | ၁,၁၉၈ | ၂၄၆ | ၂၄% |
| အင်းအိုင်ခွန် | ၁,၁၉၈ | ၂၄၆ | ၂၄% |
| **သစ်တောဦးစီးဌာန** | ၁၉၁ | ၃၉ | ၄% |
| သစ်တောထွက်ပစ္စည်းများအပေါ် စည်းကြပ်သည့် အခွန် | ၁၉၁ | ၃၉ | ၄% |
| **စည်ပင်သာယာရေးအဖွဲ့များ** | ၁,၀၄၁ | ၂၁၄ | ၂၁% |
| ပစ္စည်းခွန် | ၇၇၇ | ၁၆၀ | ၁၅% |
| ဘီးခွန် | ၂၆၄ | ၅၄ | ၅% |

တာတမံခွန်မှာ ကောက်ခံရရှိမှု နည်းပါးသည့်အတွက် ထည့်သွင်း ဖော်ပြမထားပါ။

**တိုင်းဒေသကြီး၏ အခွန်အကောက်ရငွေ ကျပ်သန်းပေါင်း၊ ၂၀၁၃/၁၄ မှ ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်**



# ၃.၂
# မည်သည့်အတွက် အခွန်ပေးဆောင်ရပါသနည်း။

အစိုးရတစ်ရပ်၏ အခန်းကဏ္ဍသည် ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများ အကျိုးဖြစ်ထွန်းစေမည့် ပြည်သူ့ဝန်ဆောင်မှုများ ပံ့ပိုးပေးရန်ဖြစ်ပြီး၊ လမ်းတံတားများ တည်ဆောက်ခြင်း၊ လူမှုဝန်ဆောင်မှုများပေးခြင်း၊ တရားဥပဒေစိုးမိုးစေခြင်းနှင့် နိုင်ငံတော်လုံခြုံရေးစသည်တို့ ပါဝင်ပါသည်။ အစိုးရက ၎င်းပြည်သူ့ရေးရာ ဝန်ဆောင်မှုများပေးရန်နှင့် ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာရေးတို့အတွက် နိုင်ငံသားတစ်ဦးချင်းစီက ပေးဆောင်သည့် အခွန်အပေါ် မှီခိုရပါသည်။ အခွန်ကို အချိန်နှင့်တပြေးညီ မှန်ကန်စွာ ပေးဆောင်ခြင်းသည် နိုင်ငံသားတစ်ဦးချင်း၊ စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီအတွက် အကောင်းဆုံး အကျိုးပြန်လည်ဖြစ်ထွန်းစေမည် ဖြစ်ပါသည်။ အစိုးရအတွက်လည်း ဒေသတစ်ခုလုံး၊ နိုင်ငံတစ်ခုလုံးကို ပိုမိုသာယာဝပြောသောအခြေအနေသို့ ရောက်ရှိစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ယခုအစီရင်ခံစာတွင် အခွန်စနစ်ကို ပိုမိုပွင့်လင်းမြင်သာစွာ သိရှိနိုင်စေရန်အလို့ငှာ အခွန်အမျိုးအစားတစ်ရပ်ချင်းစီအလိုက် ရှင်းလင်းဖော်ပြထားပါသည်။



# ၄ အသုံးစရိတ်များ


## ၄.၁
## ပဲခူးတိုင်းဒေသကြီးအစိုးရက မည်သည့်အသုံးစရိတ်များ သုံးစွဲပါသနည်း။

အစိုးရ၏အသုံးစရိတ်များသည် ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူရခြင်းအတွက်ဖြစ်ပြီး၊ ၎င်းတွင် ပြည်သူ့ရေးရာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများ ပါဝင်ပါသည်။ ပဲခူးတိုင်းဒေသကြီးတွင် တိုင်းဒေသကြီးအစိုးရ ဘတ်ဂျက်မှ အသုံးစရိတ်နှင့် ပြည်ထောင်စုအစိုးရဘတ်ဂျက်မှ အသုံးစရိတ်ဟူ၍ ခွဲခြားနိုင်ပါသည်။ ပဲခူး တိုင်းဒေသကြီး အစိုးရအသုံးစရိတ်များကို ဖော်ပြပါအတိုင်း ရှင်းလင်းတင်ပြထားပါသည်။

၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီး အစိုးရအသုံးစရိတ်သည် ၂၀၁၃ ခုနှစ်ကထက် ၂ ဆကျော် မြင့်တက်လာခဲ့ပါသည်။ လက်ရှိဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက တိုင်းဒေသကြီး ဘတ်ဂျက်၏ ၄၀ ရာခိုင်နှုန်းနီးပါးကို သုံးစွဲပြီး၊ တိုင်းဒေသကြီးအတွင်းရှိ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများအတွက် သုံးစွဲခြင်းဖြစ်ပါသည်။


### တိုင်းဒေသကြီးအစိုးရ အသုံးစရိတ်များ

ကျပ်သန်းပေါင်း၊ ၂၀၁၃/၁၄ မှ ၂၀၁၇/၁၈ ဘဏ္ဍာနှစ်အထိ




# တိုင်းဒေသကြီးအစိုးရ၏အသုံးစရိတ်များတွင် ကဏ္ဍအလိုက် ပါဝင်မှုအချိုး

တိုင်းဒေသကြီးအစိုးရ အသုံးစရိတ်တွင် ကဏ္ဍအလိုက်ပါဝင်မှုအချိုး
(၂၀၁၅/၁၆ မှ ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်အထိ)




စုစုပေါင်းအသုံးစရိတ်၏ ကဏ္ဍအလိုက်ပါဝင်မှုအချိုး(၂၀၁၇/၁၈ ဘတ်ဂျက်ခန့်မှန်းခြေ)



# ဝန်ကြီးဌာနနှင့်ဦးစီးဌာနအချို့၏ အသုံးစရိတ်များ
# *(၂၀၁၇-၂၀၁၈ ဘတ်ဂျက်ခန့်မှန်းခြေ)*

### ဆောက်လုပ်ရေးဝန်ကြီးဌာန

၂၀၁၇-၁၈ ပဲခူးတိုင်းဒေသကြီးဘတ်ဂျက်ခန့်မှန်းခြေအရ အသုံးစရိတ်အများဆုံးသုံးစွဲသည့် ဝန်ကြီးဌာနမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဖြစ်ပြီး စုစုပေါင်းအသုံးစရိတ်၏ ၃၉ ရာခိုင်နှုန်း ရှိပါသည်။ ၎င်းအသုံးစရိတ် အများစုကို တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် လမ်းဦးစီးဌာနက သုံးစွဲပါသည်။

### ဗဟိုအဖွဲ့အစည်းများ

ဗဟိုအဖွဲ့အစည်းများသည် ပဲခူးတိုင်းဒေသကြီးအစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ ဖြစ်ပြီး၊ ၎င်းတို့တွင် အစိုးရအဖွဲ့၊ တိုင်းဒေသကြီး လွှတ်တော်၊ တရားလွှတ်တော်၊ ဥပဒေချုပ်ရုံးနှင့် စာရင်းစစ်ချုပ်ရုံးများ ပါဝင်ပါသည်။ ဗဟိုအဖွဲ့အစည်းများ၏ အသုံးစရိတ်သည် တိုင်းဒေသကြီးဘတ်ဂျက်၏ ၂၂ ရာခိုင်နှုန်းနီးပါး ရှိပြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တစ်ခုတည်းက ၎င်းအသုံးစရိတ်၏ ၉၀ ရာခိုင်နှုန်းကို သုံးစွဲပါသည်။

### စည်ပင်သာယာရေးအဖွဲ့များ

စည်ပင်သာယာရေးအဖွဲ့များအား တိုင်းဒေသကြီးအတွင်းရှိ မြို့ပြနယ်နိမိတ်အတွင်း သာယာရေးအတွက် ဆောင်ရွက်ရန် အခွင့်အာဏာကို ပေးအပ်ထားပါသည်။ ၎င်းတို့သည် လမ်းမီးပေးရေး၊ အမှိုက် သိမ်းဆည်းရေးကဲ့သို့သော မြို့ပြဝန်ဆောင်မှုများပေးရန် တာဝန်ရှိပြီး၊ တိုင်းဒေသကြီးစုစုပေါင်းအသုံးစရိတ်၏ ၁၂ ရာခိုင်နှုန်းကို သုံးစွဲပါသည်။

### ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထဲရေးဝန်ကြီးဌာန၏ အသုံးစရိတ်မှာ တိုင်းဒေသကြီးဘတ်ဂျက်တွင် စတုတ္ထအများဆုံးဖြစ်ပြီး၊ တိုင်းဒေသကြီးအသုံးစရိတ်၏ ၁၀ ရာခိုင်နှုန်းကို သုံးစွဲပါသည်။

### လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သော လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းသည် တိုင်းဒေသကြီးဘတ်ဂျက်၏ ၆ ရာခိုင်နှုန်းနီးပါးကို သုံးစွဲပါသည်။

### လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် တိုင်းဒေသကြီး စုစုပေါင်းအသုံးစရိတ်၏ ၆ ရာခိုင် နှုန်းကို သုံးစွဲပါသည်။

တိုင်းဒေသကြီးအစိုးရဘတ်ဂျက်တွင် အသုံးစရိတ် အများဆုံးသုံးစွဲသည့် ဝန်ကြီးဌာနနှင့် ဦးစီးဌာနအချို့၏ အသုံးစရိတ်ကို စာမျက်နှာ (၂၅) တွင် အသေးစိတ် ဖော်ပြထားပါသည်။

| | ကျပ်သန်းပေါင်း | တိုင်းဒေသကြီး လူဦးရေ တစ်ဦးကျအသုံးစရိတ် (ကျပ်) |
|---|---|---|
| ဆောက်လုပ်ရေးဝန်ကြီးဌာန | ၆၂,၄၂၀ | ၁၂,၈၂၅ |
| လမ်းဦးစီးဌာန | ၅၈,၀၉၇ | ၁၁,၉၃၇ |
| မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | ၄,၃၂၃ | ၈၈၈ |
| ဗဟိုအဖွဲ့အစည်းများ | ၃၅,၀၄၂ | ၇,၂၀၀ |
| တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၃၁,၆၂၉ | ၆,၄၉၉ |
| တိုင်းဒေသကြီးလွှတ်တော် | ၁,၀၁၉ | ၂၀၉ |
| တိုင်းဒေသကြီး တရားလွှတ်တော် | ၆၇ | ၁၄ |
| တိုင်းဒေသကြီးဥပဒေချုပ်ရုံး | ၆၅၅ | ၁၃၅ |
| တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | ၁,၆၇၂ | ၃၄၄ |
| စည်ပင်သာယာရေးအဖွဲ့များ | ၁၉,၃၇၂ | ၃,၉၈၀ |
| စည်ပင်သာယာရေးအဖွဲ့များ | ၁၉,၃၇၂ | ၃,၉၈၀ |
| ပြည်ထဲရေးဝန်ကြီးဌာန | ၁၅,၆၄၈ | ၃,၂၁၅ |
| အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၁၀,၅၇၅ | ၂,၁၇၃ |
| မီးသတ်ဦးစီးဌာန | ၄,၄၆၆ | ၉၁၈ |
| အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန | ၆၀၇ | ၁၂၅ |
| လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၉,၉၃၄ | ၂,၀၄၁ |
| လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၉,၉၃၄ | ၂,၀၄၁ |
| လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၈,၉၁၈ | ၁,၈၃၂ |
| စိုက်ပျိုးရေးဦးစီးဌာန | ၅,၈၇၈ | ၁,၂၀၈ |
| သမဝါယမဦးစီးဌာန | ၁,၁၉၇ | ၂၄၆ |
| ငါးလုပ်ငန်းဦးစီးဌာန | ၈၀၃ | ၁၆၅ |
| မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၇၇၃ | ၁၅၉ |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၁၉၉ | ၄၁ |
| ပျားလုပ်ငန်းဦးစီးဌာန | ၆၉ | ၁၄ |

# သာမန်နှင့်ငွေလုံးငွေရင်းအသုံးစရိတ်

## သာမန်အသုံးစရိတ်

သာမန်အသုံးစရိတ်တွင် တိုင်းဒေသကြီးအစိုးရဝန်ထမ်းများအတွက် ကျခံသုံးစွဲသည့် လစာနှင့်စရိတ်မှာ တိုင်းဒေသကြီး သာမန်အသုံးစရိတ် စုစုပေါင်း၏ ၃၅ ရာခိုင်နှုန်းနီးပါးခန့်ရှိပြီး အများဆုံး ဖြစ်ပါသည်။ အခြားသာမန်အသုံးစရိတ်များတွင် ပြင်ဆင် ထိန်းသိမ်းစရိတ်၊ ပစ္စည်းများ ဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုများ ရယူခြင်းတို့အတွက် ကုန်ကျစရိတ်နှင့် ဓါတ်ဆီ၊ စက်ဆီ၊ ချောဆီအတွက် ကုန်ကျစရိတ်များ ပါဝင်ပါသည်။ ထို့အပြင် ၎င်းအသုံးစရိတ်တွင် တစ်မြို့နယ်ချင်းစီအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် လွှတ်တော် ကိုယ်စားလှယ်များထံပေးသည့် "ပြည်ထောင်စုလွှတ်တော် လွှဲပြောင်းထောက်ပံ့ငွေ" အသုံးစရိတ်များလည်း ပါဝင်ပါသည်။


| | ကျပ် သန်းပေါင်း | စုစုပေါင်း သာမန်အသုံး စရိတ်၏ % |
|---|---|---|
| ဝန်ထမ်းလစာနှင့်ပင်စင် | ၂၃,၂၈၇ | ၃၄% |
| လစာ၊ စရိတ်၊ ချီးမြှင့်ငွေ စသည်များ | ၂၂,၈၁၅ | ၃၃% |
| ဝန်ထမ်းအကျိုးခံစားခွင့်နှင့်လူမှုဖူလုံရေး | ၄၇၂ | ၁% |
| ကုန်စည်နှင့်ဝန်ဆောင်မှုစရိတ်များ | ၄၀,၆၉၃ | ၆၀% |
| ဆည်မြောင်း၊ တာတမံနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများအတွက် အသုံးစရိတ် | ၁၈,၈၇၈ | ၂၈% |
| ပြင်ဆင်ထိန်းသိမ်းစရိတ် | ၁၁,၉၆၅ | ၁၈% |
| ပစ္စည်းများ ဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်နှင့်လုပ်အားခ | ၇,၁၉၈ | ၁၁% |
| ဓာတ်ဆီ၊ ချောဆီနှင့် စက်ဆီ | ၁,၀၃၁ | ၂% |
| ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန သာမန်အသုံးစရိတ် | ၈၃၃ | ၁% |
| ခရီးသွားလာစရိတ် | ၅၀၇ | ၁% |
| အခြား | ၂၈၁ | ၀% |
| လွှဲပြောင်းထောက်ပံ့ငွေအသုံးစရိတ်များ | ၄,၂၅၈ | ၆% |
| ပြည်ထောင်စုလွှတ်တော်မှ လွှဲပြောင်းထောက်ပံ့ငွေအသုံးစရိတ် | ၂,၈၀၀ | ၄% |
| ဌာနဆိုင်ရာ ပညာရေး၊ ကျန်းမာရေးသုံးစွဲငွေ | ၁,၀၆၀ | ၂% |
| ကဝမြို့နယ်ဖွံ့ဖြိုးရေးအတွက် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP)ထောက်ပံ့ငွေအသုံးစရိတ် | ၂၃၁ | ၀% |
| အခြား | ၁၆၇ | ၀% |
| စုစုပေါင်း | ၆၈,၂၃၈ | ၁၀၀% |

## ငွေလုံးငွေရင်း အသုံးစရိတ်

ငွေလုံးငွေရင်း အသုံးစရိတ်တွင် အဓိကအားဖြင့် ပုံသေရရန်ပိုင်ခွင့်များ ဝယ်ယူခြင်း၊ မြေ၊ အဆောက်အအုံ၊ ယာဉ်၊ စက်ကိရိယာနှင့် ကိုင်တွယ်၍မရသော ရရန်ပိုင်ခွင့်များဝယ်ယူခြင်းအတွက် အသုံးစရိတ်များ ပါဝင်ပါသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရငွေလုံးငွေရင်းအသုံးစရိတ်၏ ၅၀ ရာခိုင်နှုန်းကျော်ကို လမ်းဦးစီးဌာနက အကောင်အထည်ဖော်သည့် လုပ်ငန်းစီမံကိန်းများအတွက်သုံးစွဲပြီး၊ အဓိကအားဖြင့် လမ်းသစ်များဖောက်လုပ်ခြင်းနှင့် ရှိပြီးလမ်းများ ပြင်ဆင် ထိန်းသိမ်း၊ အဆင့်မြှင့်တင်ခြင်း အတွက် ဖြစ်ပါသည်။

| | ကျပ် သန်းပေါင်း | စုစုပေါင်း ငွေလုံးငွေရင်း အသုံးစရိတ်၏ % |
|---|---|---|
| လမ်းဦးစီးဌာန | ၄၆,၈၄၁ | ၅၂% |
| စည်ပင်သာယာရေးအဖွဲ့များ | ၁၃,၈၉၅ | ၁၅% |
| လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၉,၉၃၁ | ၁၁% |
| တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၇,၃၂၉ | ၈% |
| မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | ၄,၁၀၆ | ၅% |
| မီးသတ်ဦးစီးဌာန | ၁,၉၂၀ | ၂% |
| အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၁,၈၆၁ | ၂% |
| စိုက်ပျိုးရေးဦးစီးဌာန | ၉၇၅ | ၁% |
| အခြားဦးစီးဌာနများ | ၂,၉၆၀ | ၃% |
| စုစုပေါင်း | ၈၉,၈၁၈ | ၁၀၀% |

သာမန်နှင့်ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်းပေါင်း၊ ၂၀၁၃/၁၄ မှ ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်





## ၄.၂ ပြည်ထောင်စုအစိုးရက ပဲခူးတိုင်းဒေသကြီးအတွင်း မည်သည့်အသုံးစရိတ်များ သုံးစွဲပါသနည်း။

ပဲခူးတိုင်းဒေသကြီးအတွက် ပြည်ထောင်စုအစိုးရ၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ သုံးစွဲသည့် ငွေလုံးငွေရင်း အသုံးစရိတ်မှာ တိုင်းဒေသကြီးအစိုးရအသုံးစရိတ်ထက် ကြီးမားပါသည်။ ပြည်ထောင်စု၏ ငွေလုံးငွေရင်း အသုံးစရိတ်များသည် အရေးပါပြီး၊ ယခုဖော်ပြမှုတွင်မူ သာမန်အသုံးစရိတ်များ မပါဝင်ပါ။ ထို့အတွက် ပြည်ထောင်စုအစိုးရက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ပဲခူးတိုင်းဒေသကြီးအတွက်သုံးစွဲမှု၏ တစ်စိတ်တစ်ဒေသကိုသာ ဖော်ပြပါသည်။


### ပဲခူးတိုင်းဒေသကြီးအတွင်း စုစုပေါင်းအသုံးစရိတ် (တိုင်းဒေသကြီးဘတ်ဂျက်နှင့်ပြည်ထောင်စုဘတ်ဂျက်)

အသုံးစရိတ် ကျပ်သန်းပေါင်း၊ ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်



# မြို့နယ်အလိုက် ပြည်ထောင်စု၏ ငွေလုံးငွေရင်းအသုံးစရိတ်များ

အသုံးစရိတ်ရာခိုင်နှုန်းအချိုး၊ ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်




| | ကျပ် သန်းပေါင်း | မြို့နယ်အလိုက် တစ်ဦးကျ အသုံးစရိတ် (ကျပ်) |
|---|---|---|
| ပဲခူးခရိုင် | ၈၆,၈၄၇ | ၁၇,၈၄၄ |
| ပဲခူး | ၂၉,၁၇၆ | ၅,၉၉၅ |
| သနပ်ပင် | ၄၇၉ | ၉၈ |
| ကဝ | ၈၉၉ | ၁၈၅ |
| ဝေါ | ၅,၇၈၁ | ၁,၁၈၈ |
| ညောင်လေးပင် | ၇၄၁ | ၁၅၂ |
| ကျောက်တံခါး | ၄၆,၀၉၀ | ၉,၄၇၀ |
| ဒိုက်ဦး | ၁,၈၃၁ | ၃၇၆ |
| ရွှေကျင် | ၁,၈၅၂ | ၃၈၀ |


| | ကျပ် သန်းပေါင်း | မြို့နယ်အလိုက် တစ်ဦးကျ အသုံးစရိတ် (ကျပ်) |
|---|---|---|
| တောင်ငူ ခရိုင် | ၉,၇၈၁ | ၂,၀၁၀ |
| တောင်ငူ | ၃,၀၂၈ | ၆၂၂ |
| ရေတာရှည် | ၁,၂၉၅ | ၂၆၆ |
| ကျောက်ကြီး | ၁,၁၅၈ | ၂၃၈ |
| ဖြူး | ၃,၀၅၆ | ၆၂၈ |
| အုတ်တွင်း | ၃၈၆ | ၇၉ |
| ထန်းတပင် | ၈၅၇ | ၁၇၆ |

| | | |
|---|---|---|
| ပြည်ခရိုင် | ၅၁,၆၇၆ | ၁၀,၆၁၈ |
| ပြည် | ၁၅,၅၅၂ | ၃,၁၉၅ |
| ပေါက်ခေါင်း | ၇,၇၆၁ | ၁,၅၉၅ |
| ပန်းတောင်း | ၆၉၅ | ၁၄၃ |
| ပေါင်းတည် | ၂၆,၂၉၈ | ၅,၄၀၃ |
| သဲကုန်း | ၄၃၆ | ၈၉ |
| ရွှေတောင် | ၉၃၄ | ၁၉၂ |

| | | |
|---|---|---|
| သာယာဝတီ ခရိုင် | ၁၆,၇၀၈ | ၃,၄၃၃ |
| သာယာဝတီ | ၆၃၃ | ၁၃၀ |
| လက်ပံတန်း | ၉၅၅ | ၁၉၆ |
| မင်းလှ | ၄၀၅ | ၈၃ |
| အုတ်ဖို | ၁,၁၀၃ | ၂၂၇ |
| ဇီးကုန်း | ၃၇၂ | ၇၆ |
| နတ်တလင်း | ၁၁,၇၆၉ | ၂,၄၁၈ |
| မိုးညို | ၈၉၅ | ၁၈၄ |
| ကြို့ပင်ကောက် | ၅၇၇ | ၁၁၉ |

## ပဲခူးတိုင်းဒေသကြီးအတွင်း ဝန်ကြီးဌာနအလိုက် ပြည်ထောင်စု၏ ငွေလုံးငွေရင်း အသုံးစရိတ်များ

ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်ထောင်စု၏ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ကဏ္ဍအလိုက်ပါဝင်မှုအချိုး (၂၀၁၇/၁၈ ဘတ်ဂျက်ခန့်မှန်းခြေ)




### လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုအစိုးရ ငွေလုံးငွေရင်းအသုံးစရိတ်၏ ၆၃ ရာခိုင်နှုန်းဖြင့် အများဆုံးသုံးစွဲပါသည်။ ပမာဏအားဖြင့် ကျပ် ၁၀၄,၇၀၈ သန်း (ဒေသတွင်း လူတစ်ဦးကျလျှင် ကျပ် ၂၁,၅၀၀ ) ရှိပါသည်။ ယင်းအချက်က အစိုးရကဒေသ၏ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်လာရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို ညွှန်ပြပါသည်။

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုအစိုးရ ငွေလုံးငွေရင်း အသုံးစရိတ်တွင် ကျပ် ၁၆,၃၀၇ သန်း သုံးစွဲပြီး၊ ၎င်းပမာဏသည် တိုင်းဒေသကြီးအတွင်း ပြည်ထောင်စုအစိုးရ ငွေလုံးငွေရင်းအသုံးစရိတ်၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှပါသည်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ အသုံးစရိတ်အများစုကို လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ လုပ်ငန်းများ အကောင်အထည်ဖော်မှုအတွက် သုံးစွဲပါသည်။

### ပညာရေးဝန်ကြီးဌာန

ပညာရေးဝန်ကြီးဌာနသည် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီး ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၁၆,၀၄၈ သန်းကိုသုံးစွဲရန် လျာထားပါသည်။ ၎င်းပမာဏသည် ပြည်ထောင်စုအစိုးရက တိုင်းဒေသကြီးအတွင်းသုံးစွဲမည့် ငွေလုံးငွေရင်းအသုံးစရိတ်၏ ၁၀ ရာခိုင်နှုန်းခန့်ဖြစ်ပြီး၊ ဝန်ကြီးဌာန လက်အောက်ရှိ အခြေခံပညာဦးစီးဌာနနှင့် အဆင့်မြင့်ပညာဦးစီးဌာနတို့က သုံးစွဲပါသည်။

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ ပဲခူးတိုင်းဒေသကြီးအတွင်း ငွေလုံးငွေရင်း အသုံးစရိတ်၏ ၈ ရာခိုင်နှုန်းနှင့်ညီမျှသော ကျပ် ၁၃၉၈၆ သန်းကို သုံးစွဲရန်လျာထားပါသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ တိုင်းဒေသကြီးအတွင်း ငွေလုံးငွေရင်းအသုံးစရိတ်အများစုကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီး ဌာနတို့က သုံးစွဲပါသည်။

| | ကျပ် သန်းပေါင်း | မြို့နယ်အလိုက် တစ်ဦးကျ အသုံးစရိတ် (ကျပ်) |
|---|---|---|
| လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | ၁၀၄,၇၀၈ | ၂၁,၅၁၄ |
| ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန | ၉၆,၅၇၁ | ၁၉,၈၄၂ |
| ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ၇,၅၂၈ | ၁,၅၄၇ |
| စိုက်ပျိုးရေးဦးစီးဌာန | ၃၃၇ | ၆၉ |
| အခြား | ၂၇၂ | ၅၆ |


| | | |
|---|---|---|
| လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ၁၆,၃၀၇ | ၃,၃၅၁ |
| လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာန | ၁၂,၂၃၄ | ၂,၅၁၄ |
| လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၃,၀၁၃ | ၆၁၉ |
| လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း | ၈၇၃ | ၁၇၉ |
| မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း | ၁၈၇ | ၃၈ |

| | | |
|---|---|---|
| ပညာရေးဝန်ကြီးဌာန | ၁၆,၀၄၈ | ၃,၂၉၇ |
| အခြေခံပညာဦးစီးဌာန | ၁၀,၅၁၇ | ၂,၁၆၁ |
| အဆင့်မြင့်ပညာဦးစီးဌာန | ၅,၅၃၁ | ၁,၁၃၆ |

| | | |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၁၃,၉၈၆ | ၂,၈၇၄ |
| ကုသရေးဦးစီးဌာန | ၆,၄၉၀ | ၁,၃၃၃ |
| ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ၃,၉၉၈ | ၈၂၁ |
| အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန | ၁,၁၅၅ | ၂၃၇ |
| အားကစားနှင့် ကာယပညာဦးစီးဌာန | ၁,၀၉၀ | ၂၂၄ |
| အခြား | ၁,၂၅၃ | ၂၅၈ |

# ၅ အစိုးရဘတ်ဂျက်နှင့် ဖွံ့ဖြိုးရေးရလဒ်များ

ပဲခူးတိုင်းဒေသကြီး အစိုးရအနေဖြင့် ဘတ်ဂျက်ရေးဆွဲခြင်းနှင့် သုံးစွဲခြင်းတွင် ပြည်သူလူထု၏ လိုအပ်ချက်အပေါ် အခြေခံရန် အရေးကြီးကြောင်း သိရှိနားလည်ပါသည်။ ကိန်းဂဏန်းအချက်အလက်များ ကောက်ယူရရှိမှု တိုးတက်လာသည်နှင့်အမျှ ပြည်သူများ၏လိုအပ်ချက်နှင့်ထင်ဟပ်သည့် ဘတ်ဂျက်ရေးဆွဲမှုများ ပို၍ကောင်းမွန်လာစေမည်ဖြစ်ပါသည်။ အောက်ဖော်ပြပါသရုပ်ဖော်ပုံတွင် အစိုးရ၏ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ တိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် စာတတ်မြောက်မှုနှုန်းများကို ဖော်ပြထားပါသည်။ ထိုသရုပ်ဖော်ပုံအရ မြို့နယ်များ အလိုက်သော်လည်းကောင်း၊ ကျား/မအရသော်လည်းကောင်း ပြည်သူလူထု လိုအပ်ချက်များ ကွဲပြားနေပါသည်။ အနာဂတ်တွင် လူထု၏လိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် နေရာဒေသအလိုက်နှင့် ကျား/မအရ ကိန်းဂဏန်းအချက်အလက်များကောက်ယူရန် အရေးကြီးပါသည်။




ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက်၊
ကျား/မ အလိုက် စာတတ်မြောက်မှုနှုန်း
(၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ)

# ၄ နိဂုံးချုပ်အမှာစကား

ပဲခူးတိုင်းဒေသကြီး၏ ပြည်သူ့အတွက် ဘတ်ဂျက်အစီရင်ခံစာသည် ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များကို ပြည်သူလူထုသို့ အသိပေးတင်ပြရန်နှင့် အနာဂတ်တွင် စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များတွင် ပြည်သူများ နားလည်သဘောပေါက်စွာ ပါဝင်လာနိုင်ရန် ရည်ရွယ်၍ ထုတ်ပြန်ရခြင်းဖြစ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာ ပို၍ ပွင့်လင်းမြင်သာမှုရှိရေး၊ တာဝန်ယူ၊ တာဝန်ခံမှုရှိရေးနှင့် ပြည်သူများ၏ပါဝင်မှုကိုတိုးမြှင့်ရေးတို့အတွက် ပြည်သူ့အတွက် ဘတ်ဂျက်အစီရင်ခံစာကို ရှေ့ဆက်လက်၍ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။။ ယခုကဲ့သို့ ဘတ်ဂျက်အစီရင်ခံစာကို ကြိုးပမ်း ထုတ်ဝေခြင်းဖြင့် လာမည့်နှစ်များတွင်လည်း ပြည်သူ့အတွက် ဘတ်ဂျက်အစီရင်ခံစာများကို နှစ်စဉ်ထုတ်ပြန်နိုင်ရန် အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါသည်။

လာမည့် ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင်ထုတ်ပြန်မည့် ဘတ်ဂျက်အစီရင်ခံစာတွင် တိုင်းဒေသကြီးအတွင်းရှိ လူမှု၊စီးပွားဘဝအခြေအနေများကို ထည့်သွင်းထုတ်ပြန်သွားနိုင်ရန် ရည်မှန်းပါသည်။ ထို့အပြင် ဘဏ္ဍာရေးနှစ်ကာလအပြောင်းအလဲနှင့်အညီ ဘတ်ဂျက်ရေးဆွဲခြင်းနှင့် ဘတ်ဂျက်စက်ဝန်းဆိုင်ရာ ပြောင်းလဲတိုးတက်မှုအခြေအနေများကို အသိပေးသွားမည်ဖြစ်ပါသည်။ အဆိုပါသတင်းအချက်အလက်ပံ့ပိုးမှုများသည် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များတွင် ပြည်သူများပါဝင်နိုင်ရန် အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်နိုင်ရန် ပေါင်းကူးပေးခြင်းဖြင့် ကတိကဝတ်ကို အားကောင်းလာစေရန်နှင့် ပြည်သူလူထု၏လိုအပ်ချက်ကို ပိုမိုနားလည်သဘောပေါက် ဖြည့်ဆည်းနိုင်ရန် မျှော်မှန်းပါသည်။ ယခု ဘတ်ဂျက်အစီရင်ခံစာသည် မူဝါဒချမှတ်ခြင်းနှင့် မူဝါဒရလဒ်များ စွမ်းဆောင်ရည်ကောင်းမွန်စွာ တိုးတက်လာစေရေးအတွက် အစိုးရနှင့် ပြည်သူများအကြား အပြန်အလှန် နားလည်သဘောပေါက်မှုတွင် အရေးပါပါသည်။ ပြည်သူလူထုလိုအပ်ချက်ကို ထင်ဟပ်နိုင်သည့် ဘတ်ဂျက်ဖြစ်စေရေးအတွက်အရေးပါသည့် လုပ်ငန်းစဉ်အသစ်တွင် ကျွန်ုပ်တို့နှင့် အတူတကွပါဝင်ရန် မေတ္တာရပ်ခံအပ်ပါသည်။

ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍လည်းကောင်း၊ ဤစာစောင်နှင့် ပတ်သက်၍ အကြံပြုလိုလျှင်လည်းကောင်း ပဲခူးတိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ စုံစမ်းမေးမြန်း၊ အကြံပြုနိုင်ပါသည်။


ဖုန်းနံပါတ် - ၀၅၂-၂၂၀၀၀၈၈

Email - bagobudget@gmail.com

# လေ့လာဖတ်ရှုနိုင်သည့် သတင်းအချက်အလက်များ

**A Quick Guide to Public Financial Management in Myanmar (Oxfam)**

ဖော်ပြပါ ဝက်ဘ်ဆိုဒ်လိပ်စာ https://myanmar.oxfam.org/policy_paper/quick-guide-public-financial-management-myanmar တွင် ရယူနိုင်ပါသည်။

**ပဲခူးတိုင်းဒေသကြီး ရသုံးခန့်မှန်းခြေ မူဝါဒဆိုင်ရာ အကျဉ်းချုပ်အစီရင်ခံစာ (Renaissance Institute)**

Renaissance Institute ၏ ဝက်ဘ်ဆိုဒ်ဖြစ်သော https://rimyanmar.org/mm/publications တွင် ရယူနိုင်ပါသည်။

**မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း (ပြုပြင်ပြောင်းလဲရေးအတွက် မူဝါဒလမ်းစဉ်တစ်ခုဆီသို့) (အာရှဖောင်ဒေးရှင်း)**

ဖော်ပြပါ ဝက်ဘ်ဆိုဒ်လိပ်စာ https://asiafoundation.org/publication/fiscal-decentralization-in-myanmar-towards-a-roadmap-for-reform/ တွင် ရယူနိုင်ပါသည်။

**အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုဒ် ဖြစ်သော www.mof.gov.mm နှင့် www.mopf.gov.mm တွင် ရယူနိုင်ပါသည်။

**မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း (၂၀၁၇)**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုဒ် ဖြစ်သော www.mof.gov.mm နှင့် www.mopf.gov.mm တွင် ရယူနိုင်ပါသည်။

**ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုဆိုင်ရာ အဓိပ္ပာယ်နှင့်အသုံးအနှုန်းများ (အာရှဖောင်ဒေးရှင်း)**

ဖော်ပြပါ ဝက်ဘ်ဆိုဒ်လိပ်စာ https://asiafoundation.org/publication/public-financial-management-glossary-terms/ တွင် ရယူနိုင်ပါသည်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စီမံကိန်းရေးဆွဲခြင်း၊ ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲခြင်းနှင့် ဘဏ္ဍာငွေ လျာထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ရလဒ်များ (အာရှဖောင်ဒေးရှင်း)**

ဖော်ပြပါ ဝက်ဘ်ဆိုဒ်လိပ်စာ www.asiafoundation.org/publication/state-region-financing-planning-budgeting-myanmar/ တွင် ရယူနိုင်ပါသည်။

**မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အုပ်ချုပ်မှုစနစ် (အာရှဖောင်ဒေးရှင်း)**

ဖော်ပြပါ ဝက်ဘ်ဆိုဒ်လိပ်စာ https://asiafoundation.org/publication/state-and-region-governments-in-myanmar-report/ တွင် ရယူနိုင်ပါသည်။

**မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ပြည်သူ့ဘဏ္ဍာကဏ္ဍ (အာရှဖောင်ဒေးရှင်း)**

ဖော်ပြပါ ဝက်ဘ်ဆိုဒ်လိပ်စာ https://asiafoundation.org/publication/state-and-region-public-finances-in-myanmar/ တွင် ရယူနိုင်ပါသည်။

**၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ တရားဝင်ဝက်ဘ်ဆိုဒ် ဖြစ်သော www.mof.gov.mm နှင့် www.mopf.gov.mm တွင် ရယူနိုင်ပါသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရ၏ ကြီးကြပ်မှုဖြင့်
တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက ထုတ်ဝေပါသည်။